**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန**

**ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်**

**ကြေညာချက်အမှတ် ( ၂/ ၂၀၂၅ )**

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက် )

## ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီကိုယ်စားလှယ်လုပ်ငန်းလိုင်စင် အရည်အချင်းစစ်စာမေးပွဲကျင်းပရန်အတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေး ကော်မရှင်သည် ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေ ပုဒ်မ ၂၃(င) နှင့် ပုဒ်မ ၂၈ အရ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီကိုယ်စားလှယ်လုပ်ငန်းလိုင်စင်အား ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများတွင် တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများနှင့် ကိုယ်စားလှယ်လုပ်ငန်းလိုင်စင်ရရှိရန် ပြင်ပမှလျှောက်ထားလိုသူများအတွက် အရည်အချင်းများစစ်ဆေး၍ ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီကိုယ်စားလှယ်လုပ်ငန်းလိုင်စင်ကို ထုတ်ပေးလျက် ရှိပါသည်။

၂။ ယခုအခါ ကော်မရှင်သည် ပဉ္စမအကြိမ်မြောက် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီကိုယ်စားလှယ်လုပ်ငန်းလိုင်စင်အရည်အချင်းစစ်စာမေးပွဲအား ၂၀၂၅ ခုနှစ် အောက်တိုဘာလအတွင်း ကျင်းပမည်ဖြစ်ပါသဖြင့် အဆိုပါ ကိုယ်စားလှယ်လုပ်ငန်းလိုင်စင်ရယူလိုသူများသည် ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေပုဒ်မ ၂၇ အရ အောက်ပါအချက်များနှင့်ကိုက်ညီပါက ကော်မရှင်သို့ လျှောက်ထားနိုင်ပါသည်-

(က) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်၊

(ခ) အကျင့်စာရိတ္တကောင်းမွန်သူ ဖြစ်ရမည်၊ (သက်ဆိုင်ရာဌာနတစ်ခုခုမှ ထောက်ခံချက်)

(ဂ) လျှောက်ထားသူသည် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း နယ်ပယ်တွင် လုပ်ကိုင်နေသည့် ပြည်တွင်းနေ နိုင်ငံခြားသားဝန်ထမ်း ဖြစ်ပါက (ပူးတွဲပါ Passport/Visa) တင်ပြရမည်၊

(ဃ) အမည်မည်းစာရင်းတွင် ပါဝင်သူ မဖြစ်စေရ၊

(င) လူမွဲအဖြစ် ကြေညာခြင်းခံရသူ မဖြစ်စေရ၊

(စ) ပြစ်မှုထင်ရှားစီရင်ခံရသူ မဖြစ်စေရ၊

(ဆ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်အဖွဲ့အစည်းများအား ငွေကြေးထောက်ပံ့မှုတို့တွင် ပါဝင်ပတ်သက်သူ မဖြစ်ရ၊

(ဇ) မြန်မာနိုင်ငံ သို့မဟုတ် အခြားနိုင်ငံတစ်ခုခုတွင် အလားတူ လိုင်စင်တစ်မျိုးမျိုးအား ထုတ်ပေးရန် ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း သို့မဟုတ် ရုတ်သိမ်းခြင်းခံရသူ မဖြစ်ရ၊

(ဈ) မသမာမှု၊ လိမ်လည်မှု သို့မဟုတ် အလွဲသုံးစားမှု စသည့် ပြစ်မှုတစ်ခုခုအတွက် တရားရုံးတွင် တရားစွဲဆိုခံရသူ မဖြစ်စေရ။

၃။ ကော်မရှင်သည် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီကိုယ်စားလှယ်လုပ်ငန်းလိုင်စင် အရည်အချင်းစစ်စာမေးပွဲကျင်းပမည့် အစီအစဉ်များအား အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

(က) **စာမေးပွဲဖြေဆိုသူသည်**

လျှောက်လွှာပုံစံကို www.secm.gov.mm တွင် Download ရယူရန် (သို့မဟုတ်) ကော်မရှင်ရုံးတွင် ရယူနိုင်ပါသည်။

(ခ) **စာမေးပွဲကြေး**

စာမေးပွဲကြေးအတွက် ကျသင့်ငွေတစ်ဦးလျှင် ကျပ် ၁၀,၀၀၀ ကို ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်၏ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၂) တွင် ဖွင့်လှစ်ထားသည့် ငွေစာရင်းအမှတ်၊ MD -010123 သို့ ပေးသွင်းရန်။

(ဂ) **လိုင်စင်ကြေး**

အရည်အချင်းစစ်စာမေးပွဲအောင်မြင်လျှင် ပေးသွင်းရမည့် လိုင်စင်ကြေးမှာ တစ်ဦးလျှင် ကျပ် ၁၀၀,၀၀၀/-

(ဃ) **လိုင်စင်သက်တမ်း**

၂ နှစ်

(င) **လျှောက်လွှာနောက်ဆုံးလက်ခံမည့်ရက်**

၁၀-၁၀-၂၀၂၅ ရက်နေ့

(စ) **လျှောက်လွှာတင်ပြရမည့်နေရာ**

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး၊ အမှတ် ၂၁-၂၅၊ ဆူးလေဘုရားလမ်း၊ မြန်မာ့စီးပွားရေးဘဏ်(တိုင်းရုံး) ဒုတိယထပ်၊ ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

(ဆ) **ရက်တိုသင်တန်းဖွင့်လှစ်မည့်နေရာ**

**Myanmar International Business College (MIB)**

အခန်း (၀၂-၀၆)၊ ဆူးလေ Square (ဒုတိယထပ်)၊ ဆူးလေဘုရားလမ်း၊ ကျောက်တံတား မြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၄၅၃ ၃၀၀ ၈၀၀၊ ၀၉-၄၅၃ ၃၀၀ ၉၀၀

(ဇ ) **ရက်တိုသင်တန်းဖွင့်လှစ်မည့်နေ့ရက်များ**

၁၁-၁၀-၂၀၂၅ ရက်နေ့၊ ၁၈-၁၀-၂၀၂၅ ရက်နေ့၊ ၂၅-၁၀-၂၀၂၅ ရက်နေ့

(ဈ ) **ရက်တိုသင်တန်းဖွင့်လှစ်မည့်အချိန်**

နံနက် (၉:၀၀) နာရီမှ ညနေ (၄:၀၀) နာရီထိ

(ည) **စာမေးပွဲကျင်းပမည့်နေရာ**

ရန်ကုန်စတော့အိပ်ချိန်း (YSX)

(ဋ ) **စာမေးပွဲကျင်းပမည့်နေ့ရက်**

၂၉-၁၀-၂၀၂၅(ဗုဒ္ဓဟူးနေ့)**(ဖြေဆိုမည့်သူ၏နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း/ ပြည်တွင်းနေ နိုင်ငံခြားသားဖြစ်ပါက Passport ယူဆောင်လာရန်)**

(ဌ ) **စာမေးပွဲကျင်းပမည့်အချိန်**

နေ့လယ် (၂:၀၀) နာရီမှ ညနေ (၄:၀၀) နာရီထိ **(စာမေးပွဲဖြေဆိုမည့်အချိန်မတိုင်မီ မိနစ် ၃၀ ခန့် ကြိုတင်၍ရောက်ရှိနေရန်နှင့် စာမေးပွဲဖြေဆိုသည့် အချိန်ထက်နောက်ကျပါက စာမေးပွဲဖြေဆိုခွင့်ပြုမည် မဟုတ်ပါ။)**

(ဍ ) **ဆက်သွယ်ရန်ဖုန်းနံပါတ်**

၀၁-၃၇၃၉၅၉ (ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများကြီးကြပ်ရေးဌာနခွဲ)

၄။ စာမေးပွဲဖြေဆိုလိုသူများသည် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်မှ အသိအမှတ်ပြုထားသော သင်တန်းကျောင်း၌ ဖွင့်လှစ်သင်ကြားသော ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီကိုယ်စားလှယ်လုပ်ငန်းလိုင်စင်စာမေးပွဲ ရက်တိုသင်တန်းတွင် တက်ရောက်၍ဖြစ်စေ၊ မိမိ အစီအစဉ်ဖြင့် လေ့လာဆည်းပူး၍ဖြစ်စေ စာမေးပွဲသို့ ဝင်ရောက်ဖြေဆိုနိုင်ပါသည်။

၅။ အရည်အချင်းစစ်စာမေးပွဲကို အောက်ဖော်ပြပါအခြေခံသင်ရိုးညွှန်းတမ်းများအတွင်းမှ စစ်ဆေးသွားမည်ဖြစ်ပါသည်-

(က) Financial Market Landscape

(ခ ) Legal Framework

(ဂ ) Quantitative/Financial Analysis

(ဃ) Professional Ethic and Standards

(င ) Front Office Operations

၆။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ ကိုယ်စားလှယ်လုပ်ငန်းလိုင်စင် လျှောက်ထားလိုသူများသည် လျှောက်လွှာတွင်ပူးတွဲတင်ပြရမည့်စာရွက်စာတမ်းများအားပြည့်စုံစွာဖြည့်စွက်၍ လျှောက်ထားရန်ဖြစ်ပါသည်။

**ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်**